ပင်းဟဲကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပင်းဟဲကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကုလကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကျောက်ဆည်မြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်အား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပင်းဟဲကျေးရွာ
မိုးညှင်းမြို့နယ်

ပင်းဟဲကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပင်းဟဲ စံပြကျေးရွာသည် ကချင်ပြည်နယ်၊မိုးညှင်းခရိုင်၊မိုးညှင်းမြို့နယ်အတွင်းတည်ရှိပါ သည်။ကျေးရွာကို ၁၂၆၀ ခုနှစ်၊တပို့တွဲလဆန်း(၂)ရက် ကြာသပတေးနေ့တွင် ဦးမောင်သိန်း၊ဒေါ် နန်းနေ မိသားစုမှ ဦးစီး၍ မိသားစု (၉)စုမှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ကျေးရွာ၏ မူလ အမည်မှာ ပန်ဟိုင်းဖြစ်ပါသည်။ကျေးရွာသည် မိုးညှင်းမြို့၏ အနောက်မြောက်ဘက်တွင် (၄)မိုင်ခန့် အကွာတွင် တည်ရှိသည်။ရွာ၏ အရှေ့ဘက်တွင် ရွှေဘို-မြစ်ကြီးနား ကားလမ်း၊ရွာ၏ အနောက်ဘက် တွင် မှန်ကင်းတောင်တန်း၊မြောက်ဘက်တွင် ဘီးလူးမြို့ ကျေးရွာတောင်ဘက်တွင် တဲကြီးကုန်း ကျေးရွာနှင့်အနောက်တောင်ဘက်တွင် ပင့်သာကျေးရွာတို့တည်ရှိကြသည်။ကျေးရွာကို လယ်ယာ မြေများဖြင့် ဝန်းရံထားသည်။ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ် ပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကိုလည်း မွေးမြူကြသည်။ကျေးရွာ၏ တောင်ဘက်တွင် နန့်တက်ချောင်း ၊ရွာလယ်တွင် နန့်ဝေဟ ချောင်းနှင့်ရွာ၏ မြောက်ဘက်တွင် နန့်ဟန်ချောင်းတို့ တည်ရှိသည့်အတွက် စိုက်ပျိုးရေးအတွက် များစွာ အထောက်အကူဖြစ်သည်။ကျေးရွာ၏ အနောက် ဘက်တွင် သစ်တောများ ပြုန်းတီးခြင်း၊တောင်များ ပြိုကျပျက်စီးခြင်းကြောင့် လယ်ယာမြေ ပျက်စီး မည့် အန္တရာယ်များလည်း ရှိနေသည်။၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ လယ်ယာမြေပြုပြင်ရန် အတွက် ဘတ်ဂျက်ငွေများ ချထားပြီးဆောင်ရွက်ပေးသော်လည်း လယ်ယာမြေပျက်စီးမည့် အန္တရာယ် များနှာ ရှိနေဆဲဖြစ်သည်။သို့ပါ၍ နိုင်ငံတော်အစိုးရမှ လယ်ယာမြေ ပျက်စီးမည့် အန္တရာယ် များမှ ကာကွယ်နိုင်ရန် ရေတိုရေရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည်လယ်မြေဧကပေါင်း(၂၀၉၆)ဧကနှင့် အရပ်အခေါ်တောအခင်း(၇၆၈)ဧက တည်ရှိကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်ဟုဆိုနိုင်သည်။ လယ်သမားအများစုမှာတပိုင်တနိုင်

ဆည်များတည်ဆောက်၍ စိုက်ပျိုးရေးကိုလုပ်ကိုင်ကြပါသည်။ လယ်မြေများ၌စပါးကိုအဓိကစိုက်ပျိုးကြပြီး ဆောင်းရာသီနှင့်နွေရာသီတို့တွင် ပဲပုတ်စိုက်၍ အခြားသီးနှံများကိုလည်းစိုက်ပျိုးကြသည်။ အရပ်အခေါ်တောအခင်းများတွင် ပဲပုတ်အဓိကနှင့် မုန့်ညှင်း၊ဂေါ်ဖီထုတ်၊သစ္စာပန်း စသည်တို့ကိုလည်း စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကလျင် တင်း(၈၀)မှ(၁၀၀)ကြား ထွက်ရှိပါသည်။ ပဲပုတ်အထွက်နှုန်းမှာ တစ်ဧကလျင်တင်း(၂၀)ခန့်ထွက်ရှိပါသည်။ ကျေးရွာ၏သဘာဝသယံဇာတများမှာ ချောင်းများရှိ သဲကျောက်များဖြစ်ပါသည်။ ချောင်းများသည် ဆောင်းရာသီနှင့် နွေရာသီတို့၌ ရေခန်းသဖြင့် နွေစပါးစိုက်ပျိုး၍မရပါ။ မြေအောက်ရေအသုံးပြုမှုနည်းပါးသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၅၇၇)နှင့် ကျား(၁၄၉၉)၊ မ(၁၄၉၈)ဦးဖြင့် လူဦးရေပေါင်း (၂၉၉၇)ဦးရှိကာ တအိမ်ထောင်လျင်ပျမ်းမျှလူဦးရေ (၅.၄)ဦးနှန်းဖြင့် နိုင်ငံတော်၏တအိမ်ထောင်လျင်ပျမ်းမျှလူဦးရေထက်များသည်။ ကျေးရွာတွင်ရှမ်းနီလူမျိုးများအများဆုံးနေထိုင်ကြပြီး အခြားလူမျိုးများလည်းနေထိုင်ကြသည်။ ရွာရှိအလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏(၆၅%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်သည်။ အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေသည် အလုပ်လုပ်နိုင်သောအမျိုးသားဦးရေထက်(၅%)မျှပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာမြေပိုင်ဆိုင်သော အိမ်ထောင်စုပေါင်း (၃၈၅)စုရှိသဖြင့် တရွာလုံးအိမ်ထောင်စု၏ (၅၈%)ရှိသည်။ တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာ၏ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် (၅၂%)သည်ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများဖြစ်ပြီး (၃၈%)မှာ အလယ်အလတ် ရှိအိမ်ထောင်စုများနှင့် (၁၀%)မှာအဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာတွင်မြေယာပိုင်ဆိုင်သောအိမ်ထောင်စု (၃၈၅)စုရှိပြီး(၁၉၂)စုမှာမြေယာမဲ့များဖြစ်ကြသည်။ စိုက်ပျိုးရေးသုံးပစ္စည်းများကို လက်လှမ်းမှီပြီး လယ်ယာမြေများကိုဆည်မြောင်းရေသွင်းပြီးစိုက်ပျိုးနိုင်သဖြင့် စီးပွားရေးအသင့်အတင့်ကောင်းမွန်ကြသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြား ဆန်စက်လုပ်ငန်း၊ဆီစက်လုပ်ငန်း၊ အုတ်ဖုတ်လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ပန်းရံလုပ်ငန်းတို့ကိုလည်း လုပ်ကိုင်ကြသည်။ အခြားလယ်ယာမြေအသင့်အတင့်ပိုင်ဆိုင်သော အိမ်ထောင်စုအချို့နှင့်စျေးရောင်းစျေးဝယ် လုပ်ကိုင်သော အိမ်ထောင်စုများအပြင် ဝန်ထမ်းမိသားစုအချို့လည်းစီးပွားရေးအသင့်အတင့်ကောင်းမွန်ကြသည်။

ကျေးရွာတွင် ဆင်းရဲနှင့်အလွန်ဆင်းရဲ မိသားစုအရေအတွက်သည် ကျေးရွာလူဦးရေ၏ထက်ဝက်ခန့်ရှိပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သောအိမ်ထောင်စုနှင့် လက်လုပ်လက်စားအိမ်ထောင်စုတို့ပါဝင်သည်။ ကျေးရွာမြေယာမဲ့အိမ်ထောင်စုအရေအတွက် (၃၃%)ထိရှိကာ အလွန်ဆင်းရဲအိမ်ထောင်စုများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု (၁၉၂)စုရှိကာ ကျေးရွာအိမ်ထောင်စု၏(၃၃)ရာခိုင်နှုန်းခန့်ရှိပြီး ရာသီအလိုက်လယ်ယာလုပ်ငန်းများတွင် နေ့စားအဖြစ်လုပ်ကိုင်ဆောင်ရွက်ပြီး အလုပ်အကိုင်ရှာဖွေကြသည်။ ကျေးရွာမှအလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု (၉၀)စုအား လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၇%)မှာ သူတပါးထံမှမချေးမငှားပဲ (၃)လခန့်စားသုံးနိုင်ကြကြောင်း၊(၃၅)%မှာ(၃)လမှ(၆)လခန့် စားသုံးနိုင်ကြကြောင်းနှင့်(၅၈)%မှာ သူတစ်ပါးထံမှမချေးမငှားဘဲ နပ်မှန်အောင်စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ကျပ်(၅)သောင်းမှ ကျပ်(၈)သိန်းဝန်းကျင်ထိ တင်ရှိနေကြသည်။အိမ်ထောင်စုအားလုံး၏ (၅) %မှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲ၍ အချို့မိသားစု မှာ မိသားစု ဦးရေလည်း များပြားသည်။အလားတူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေသော အိမ်ထောင်စု(၅)စုရှိပြီး မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု(၆)စုသည် ဆင်းရဲ၍ ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၁၀)ဦးနှင့် မိသားစု စောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၁၈)ဦးတို့ရှိကြသည်။ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် မူးယစ်ဆေးဝါးများကို အလွန်အကျွံသုံးစွဲကြသဖြင့် ကျေးရွာ၏လူသားအရင်းအမြစ်လုပ်အားများလျော့နည်းလျက်ရှိသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။သွေးလွန်တုပ်ကွေးရောဂါသည် ယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှု မရှိကြောင်းတွေ့ရှိရသည်။ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်နှင့် ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများလည်း အနည်းငယ် ဖြစ်ပွားကြသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေ သန့်ရှင်းရေး ကျန်းမာရေး အသိအမြင်များရှိကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမှ ရရှိနိုင်ကြပြီး (၄)မိုင်ခန့်ဝေးသော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်း အလွယ်တကူသွားနိုင်ကြသည်။

ကျေးရွာတွင်သောက်ရေတွင်း၊လက်နှိပ်တုံကင်၊မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူရနိုင်ကြပြီး ဝမ်းလျှော၊တိုက်ဖွိုက်ရောဂါ ဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရှိရသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိရသည်။ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက်သည် တစ်ရွာလုံး လူဦးရေ၏ (၆)%ရှိသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းနှင့်အထက်တန်းကျောင်းခွဲမှ တက်ရောက်သင်ကြားနိုင်ကြပြီး အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ လယ်ယာလုပ်ငန်းမှ လွဲ၍ အခြားလုပ်ငန်းများ နည်းပါးသည်။လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသည့်အတွက် လူငယ်များသည် မူးယစ်ဆေးဝါးများကိုအလွန်အကျွံသုံးစွဲကြသည်။

ကျားမရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။သို့သော် ကျေးရွာ ရပ်မိရပ်ဖများတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း အခြားလူမှုရေး လုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု အားကောင်းသည်။ရှေးရိုးရာထုံးတမ်းစဉ်လာအရလည်း အုပ်ချုပ်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းရသည်ဟု ယေဘုယျသုံးသပ်နိုင်သည်။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟုပြောနိုင်သည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောက်ကျားလေးအရေအတွက်ထက် နည်းပါးသော်လည်း အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ် ပညာများတွင် အမျိုးသမီးအရေအတွက်သည် အမျိုးသားအရေအတွက်ထက် ပိုမိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူသာဖြစ်သည်။ကျေးရွာတွင် လယ်ယာလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီး နေ့စားခများ တူညီသော်လည်း ကုန်ထုတ်လုပ်ငန်း(ဆန်စက်၊ဆီစက်)များတွင်မူ အမျိုးသားများက အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။အမျိုးသမီးများကို စွမ်းရည်မြှင့်တင်ပေးခြင်း၊သင်တန်းများ ပို့ချခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုအတွက် အထောက်အကူဖြစ်နိုင်သည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့၊ပြည်သူ့စစ်(၁)ဖွဲ့၊မီးသတ်(၁)ဖွဲ့၊တောင်သူလယ်သမား သမဂ္ဂကွန်ယက်အဖွဲ့(၁)ဖွဲ့၊ မြစိမ်းရောင် ဝက်အသားတိုး မွေးမြူရေး အဖွဲ့(၁)ဖွဲ့နှင့် ဇောတိက သမအသင်း(၁)ဖွဲ့တို့ရှိကြသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် ပဲပုတ်ကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၂၀၉၆) ဧကရှိပြီး ပဲပုတ်စိုက်ဧက (၂၀၀၀) ဧက ဝန်းကျင် ခန့်ကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ မိုးစပါး ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း(၈၀) မှ (၁၀၀) ဝန်းကျင်ခန့်ထွက်ရှိပြီး ပဲပုတ် အထွက်နှုန်းမှာ တစ်ဧကတင်း(၂၀)ခန့်ထွက်ရှိပါသည်။နွေစပါး စိုက်ပျိုးမှုများမရှိပါ။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှု များဖြန့်ဝေပေးမှုအားနည်းသည်။စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် နည်းပညာ ဝန်ဆောင်မှု ဖြန့်ဝေပေးမှု အားနည်းသည်။တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး ပြင်ပ လုပ်အားများကို အမှီ သဟဲပြုရသည်။တောင်သူများသည် တခါတရံ မိုးရွာသွန်းမှုမညီမျှမှု ရင်ဆိုင်ရတတ်သည်။ပဲပုတ် စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု ကို ပိုမို တွေ့ရပြီး တောင်သူအများစုသည် ပိုးသတ်ဆေးဖျန်းနည်းစနစ်ကို စနစ်တကျ မသုံးစွဲတတ် သဖြင့် ဘေးထွက်ဆိုးကျိုးများကို ခံစားကြရသည်။သို့ပါ၍ ပိုးသတ်ဆေးဖျန်းနည်းစနစ်ကောင်းများ ကိုဖြန့်ဝေပေးနိုင်ရန် တောင်သူများအနေဖြင့် လိုလားနေကြသည်။

ကျေးရွာတွင် တပိုင်တနိုင် ဝက်မွေးမြူသူ အိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၂၈)% ဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများနှင့် စီပီဝက်မျိုးများကိုလည်း မွေးမြူကြသည်။ တပိုင်တနိုင် ဝက်မွေးမြူသည့် အိမ်ထောင်စုများအား မြစိမ်းရောင် ဝက်အသားတိုး စီမံကိန်းများကို (၂၀၀၅) ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ချေးပေးခဲ့သည်။စုစုပေါင်းထုတ်ချေးပေးသည့် ငွေပမာဏမှာ ကျပ်သိန်းပေါင်း (၃၀၀)ဖြစ်သည်။

ဒေသကြက်မွေးအိမ်ထောင်စုသည် တစ်ရွာလုံး၏ (၂၇)%ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါ များအထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့်သေဆုံးမှု များရှိတတ်သည်။

ဒေသတွင် ခိုင်းနွားများနှင့် တပိုင်တနိုင် နွားမ များမွေးမြူသည့်မှလွဲ၍ စီးပွားဖြစ် နွားမွေးမြူမှု မရှိပါ။ဈေးကွက်တွင် နွားဝယ်လိုအားများသော်လည်း စားကျက်မြေ ရှားပါးလာခြင်း၊နွားမျိုးကောင်းမျိုးသန့်များရှားပါးခြင်း၊ငွေကြေးအင်အား မလုံလောက်ခြင်းနှင့်နည်းပညာအားနည်းခြင်းတို့ကြောင့် စီးပွားဖြစ် နွားမွေးမြူရေး လုပ်ငန်းများမရှိပေ။

မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများ အနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်းများကို တည်ထောင်လိုခြင်း၊တိုးချဲ့ ဆောင်ရွက်လိုခြင်း တို့အတွက် ချေးငွေများကို အလွယ်တကူ မရရှိနိုင်ကြချေ။ကျေးရွာတွင် ငါးကန်(၂)ကန် ရှိသော်လည်း နည်းပညာအားနည်းခြင်းနှင့်ငွေကြေးအင်အားမလုံလောက်ခြင်းတို့ကြောင့် စီးပွားဖြစ် ငါးမွေးမြူနိုင်ခြင်းမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့် ရွာဖြစ်သည့် အတွက် ထုတ်ကုန်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်မှု ပိုများသည်။ ကျေးရွာတွင် ထုတ်ကုန်လုပ်ငန်းများမှာ ဆီတိုဟူး လုပ်ငန်း၊ဆန်စက်၊ဆီစက်များနှင့် အုတ် ထုတ်လုပ်ရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။အခြားလက်သမား၊ပန်းရံလုပ်ငန်းများနှင့်ပရိဘောဂလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု အရေအတွက်သည် တစ်ရွာလုံး အိမ်ထောင်စု၏(၃)%ရှိသည်။ လက်လုပ်လက်စား အလုပ်သမားများမှာ စိုက်ပျိုးရေး ရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးသည်။ အခြား ဝင်ငွေရ လုပ်ငန်းများမှာ ရာသီအလိုက်နေ့စားများနှင့် အစိုးရဝန်ထမ်းများလည်း ရှိကြ သည်။ ကျေးရွာတွင် ဆံပင်၊အလှပြင်၊အပ်ချုပ် လုပ်သော အိမ်ထောင်စုအရေအတွက်သည် တစ်ရွာလုံး အိမ်ထောင်စု၏(၀.၆၄)% သာရှိပြီး စိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်သော အိမ်ထောင်စု အရေအတွက်က ပို၍များသည်။

အခြားလက်လီလက်ကား ရောင်းဝယ်ရေးလုပ်ကိုင်သော အိမ်ထောင်စု အရေအတွက်သည် တစ်ရွာလုံးအရေအတွက်၏ (၈%)ရှိပြီး စီးပွားရေးအရလည်းရပ်တည်မှုကောင်းသည်။ အခြားဝပ်ရှော့လုပ်ငန်း၊ ကားမောင်းသည့်လုပ်ငန်းများသည် မိသားစုအတွင်း အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရပ်တည်မှုမရှိပေ။ထိုလုပ်ငန်းများသည် မိသားစု၏အခြားလုပ်ငန်းများအဖြစ် ရပ်တည်ကြသည်။ ကျေးရွာတွင် လူဦးရေများပြားပြီး တရွာလုံးလူဦးရေ၏ (၆၅%)ရှိသည့်အတွက် ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတရပ်ဖြစ်သည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်ပဲပုတ်စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွားနှိမ်နင်းမှုအစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံများကို စည်းကမ်းမဲ့စွန့်ပစ်မှုများသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျေးရွာ၏အနောက်ဘက်တွင် သစ်တောများတည်ရှိပါသည်။ သစ်တောများကိုတရားမဝင် သစ်ထုတ်လုပ်ခြင်း၊ လောင်စာအတွက် ထင်းခုတ်ခြင်းများ ဆောင်ရွက်ခြင်းကြောင့် တောတောင်များ ပြုန်းတီးခြင်းမှတဆင့် ချောင်းများပျက်စီး၍ လယ်ယာမြေပျက်စီးမှုအန္တရာယ် များလည်းရှိနေသည်။ ချောင်းများရှိသဲကျောက်များကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ပါက ကျေးရွာ၏ဖွံ့ဖြိုးမှုကိုအထောက်အပံ့ဖြစ်လာနိုင်သည်။ ယခုနှစ်ပိုင်းတွင် ငလျင်အနည်းငယ်လှုပ်သည်မှလွဲ၍ သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်သည့် ငလျင်ကြီးကြီးမားမား လှုပ်ခတ်မှုမရှိပါ။ တောင်ပေါ်ဒေသဖြစ်သည့် အတွက် မုန်တိုင်းဝင်ရောက်မှု မရှိပါ။

ထင်းအစားထိုးလုပ်ငန်းများကို လုပ်ကိုင်လာနိုင်အောင် အသိပညာပေးခြင်း၊စည်းကမ်းများချမှတ်ခြင်း ထင်းအစားထိုးလောင်စာများကို ပြည့်မှီအောင် ဆောင်ရွက်ပေးခြင်းဖြင့် တောတောင်ပြုန်းတီးမှုများ လျော့ကျလာနိုင်ခြင်း၊သဘာဝ ပတ်ဝန်းကျင်နှင့် ရာသီဥတု ကောင်းမွန်လာနိုင်ခြင်းစသော အထောက်အပံ့ကောင်းများဖြစ်လာနိုင်သည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေကို ရရှိကြသည်။တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ပြီး အတိုးနှုန်း(၇၂)ပြားနှုန်းဖြစ်သည်။နောက်ဆုံးပေးဆပ်ရမည့် ကာလမှာ နှစ်စဉ် ဧန်နဝါရီလ(၁၅)ရက် အဖြစ် သတ်မှတ်ထားသည်။ကျေးရွာတွင် ဧာတိကသမဝါယမအသင်းကို အဖွဲ့ဝင်(၅၄)ဦးဖြင့် ဖွဲ့စည်းထားသည်။အဖွဲ့ဝင်များအနေဖြင့် ချေးငွေကို(၆)လ တစ်ကြိမ်ချေးယူနိုင်ပြီး အတိုးနှုန်းမှာ(၁)ကျပ်ခွဲနှုန်းဖြစ်သည်။မြစိမ်းရောင် ဝက်အသားတိုး စီမံကိန်းကို(၂၀၀၅) ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်ဦးရေ(၉၄)ဦးရှိသည်။အတိုးနှုန်းမှာ (၁) ကျပ်ခွဲနှုန်းဖြစ်ပြီး အတိုးနှုန်း(၁) ကျပ်ကို နိုင်ငံတော်သို့ပေးသွင်းပြီး (၅၀)ပြားကို ဒေသဖွံ့ဖြိုးရေးအတွက် သုံးသည်။တချို့ အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း(၁၀)ကျပ်နှုန်းဖြင့် ချေးယူကြသည်။

ရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့အတွက်ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားသည်။ကျေးရွာတွင် အကြွေးတင်ရှိမှုကို ဆန်းစစ်ချက်အရ ပါဝင်သော အလွန်ဆင်းရဲအိမ်ထောင်စုအများစုသည် အကြွေးယူထားကြပြီး အကြွေးငွေ ကျပ်(၅)သောင်းမှ ကျပ်(၈)သိန်းအထိ ချေးယူထားကြကြောင်း တွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကို အလျား(၁၂၀) ပေ၊အနံ(၃၀)ပေ၊အမြင့်(၂၀)ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။အလယ်တန်းနှင့်အထက်တန်း ခွဲကို အလျား(၁၆၅)ပေ၊အနံ(၄၁)ပေ၊အမြင့်(၂၂)ပေ အရွယ်ရှိ သွပ်မိုး၊အောက်အုတ်စီအပေါ် ပျဉ်ကာ၊ ပျဉ်ခင်းနှင့် အောက်အင်္ဂတေခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ရွာသားအများစုမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၂)%မှာ စာမတတ်သူနှင့် (၃)%မှာ ဘုန်းကြ၊ီပေ အရွယ်ရှိ သွပ်မိုး၊အောက်အုတ်စီအပေါ် ပျဉ်ကာ၊ ပျဉ်ခင်းနှင့် အောက်အင်္ဂတေခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ရွာသားအများစုမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၂)%မှာ စာမတတ်သူနှင့် (၃)%မှာ ဘုန်းကြ၊ီပေ အရွယ်ရှိ သွပ်မိုး၊အောက်အုတ်စီအပေါ် ပျဉ်ကာ၊ ပျဉ်ခင်းနှင့် အောက်အင်္ဂတေခင်း ကျောင်းဆောင်တွင် သင်ကြားပေးသည်။ရွာသားအများစုမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၂)%မှာ စာမတတ်သူနှင့် (၃)%မှာ ဘုန်းကြီးကျောင်း ပညာရေးကို ရရှိထားကြသည်။မူလတန်းအောင်သည့် ရာခိုင်နှုန်းလည်းမြင့်မားသည်။ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် မူလတန်းအရွယ်၌ ကျေးရွာကျောင်းအပ်နှံနိုင်သည့် အရေအတွက်ဖြစ်သော်လည်း အလယ်တန်းအရွယ်ရှိ ကျောင်းသား အရေအတွက်သည် မူလတန်းအောင်မြင်သည့် ကျောင်းသား/သူ အရေအတွက်ထက် ပိုများပြားသည်။ဎင်းမှာ အနီးနားရွာမှ ကျောင်းသားကျောင်းသူများတက်ရောက်နေကြခြင်းကြောင့် ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂတို့ အသင့်အတင့်ရှိပြီး မူလတန်းပြဆရာမ(၁၁)ဦး၊ အလယ်တန်းတွင် ဆရာ/မ (၁၃)ဦးနှင့်အထက်တန်းဆရာ/မ(၅)ဦးတို့ရှိကြသည်။ကျောင်းတွင် တပည့်/ဆရာ အချိုးသည် မူလတန်းအဆင့်တွင် (၂၈)၊အလယ်တန်းအဆင့်တွင်(၂၉)နှင့် အထက်တန်းအဆင့်တွင်(၅) ရှိသဖြင့် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသည်။လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းနှင့်အလယ်တန်းကျောင်းသားကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသည်။ကျေးရွာတွင်ဆေးရုံမှ ဝန်ထမ်းများနှင့် နိုင်ငံတော် အသိအမှတ်ပြု လက်မှတ်ကိုင်ဆောင်သူများ ဆေးခန်းရှိသဖြင့် ရွာသူ/သားများအတွက် ကျန်းမာရေး ဝန်ဆောင်မှု အသင့်အတင့် လက်လှမ်းမှီသည်။မိုးညှင်းမြို့သည် ခရိုင် မြို့ဖြစ်သည့်အတွက် လျှပ်စစ်မီးရရှိကာ အအေးခန်းဖြင့် သိုလှောင်ရန် လိုအပ်သောဆေးများအတွက် ရေခဲ သေတ္တာများ သိုလှောင်ထားသည်။ မိုးညှင်းပြည်သူ့ဆေးရုံသည် ကုတင်(၁၀၀)ရှိသဖြင့် အထူးကုဆရာဝန်များလည်း ရှိသည့်အတွက် ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီကြသည်။

သောက်ရေအတွက် သောက်ရေတွင်းများ၊လက်နှိပ်တုံကင်များနှင့် မော်တာသုံးရေတုံကင်များ တပ်ဆင် သုံးစွဲကြပြီး မိသားစု အနည်းငယ်မှာ စိမ့်စမ်းရေရရှိကြကာ ရေလုံလောက်မှုရှိသည်။ ချမ်း

သာသော မိသားစုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ကျင်းတူးရေလောင်းအိမ်သာများကိုသုံးစွဲကြပါသည်။ တစ်ရွာလုံး နီးပါးယင်လုံယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများကို အုတ်များဖြင့်ဆောက်လုပ်ထားကြသဖြင့် ကျောင်းသူ/ကျောင်းသားများအတွက် အသုံးပြုမှုလွယ်ကူပြီး ကူးစက်ရောဂါဖြစ်ပွားမှု များလည်းနည်းပါးသည်။

ကျေးရွာတွင်အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်သည့်အတွက် အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်လာအောင် အသိပညာပေးခြင်း၊ စည်းကမ်းများထားရှိခြင်းဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ကျေးရွာအနောက်ဖက်တစ်မိုင်ကျော်ကျော်ခန့်တွင် တည်ရှိသော ပင်းဟဲကိုယ့်အားကိုယ်ကိုး ရေအားလျပ်စစ် နှင့်တောင်ပေါ်စေတီတို့တည်ရှိသည့်အတွက် လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်နေရာ လက်လှမ်းမှီမှုရှိသည်ဟု ပြောနိုင်ပါသည်။လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။လူငယ်သမဓိတ္တယဉ်ကျေးလိမ္မာမမ္မစကူးလ်အဖွဲ့လည်း သီးသန့်တည်ရှိပါသည်။ထိုအဖွဲ့သည် ကလေးလူငယ်များကို ဘာသာရေးတွင် အသိပညာများမြင့်မားလာစေရန် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဓမ္မစကူးလ်သင်တန်းများ ပို့ချပေးလျက်ရှိသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့အစည်း သီးသန့်မရှိသော်လည်း လူငယ်များဦးဆောင်ရန် ဘာသာရေး၊ပညာရေးနှင့်လူမှုရေးလုပ်ငန်းများတွင် ကျေးရွာရှိ လူပျို၊အပျို ခေါင်းဆောင်များမှ ဦးဆောင်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

မိုးညှင်း ပင်းဟဲလမ်းသည် ကျောက်ခင်းလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာရေးအဆင်ပြေချောမွေ့ပါသည်။ရွာချင်းဆက် လမ်းများမှာလည်း ကျောက်ခင်းလမ်းဖြစ်ပြီး အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာသားများ၏စုပေါင်းအားဖြင့် ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းကြပါသည်။ရေလမ်း ခရီး အသုံးပြုမှုမရှိဘဲ ခရီးသွားလာရေးအတွက် ကား(၁၆)စီး၊တုန်ဖုန်း(၉)စီး(အရပ်အခေါ်)၊ဆိုင်ကယ်(၇၉၇)စီး၊စက်ဘီး(၅၀၀)စီး ၊ သုံးဘီး(၁)စီးနှင့် ထော်လာဂျီ(၄၆)စီး တို့ကို အသုံးပြုသွားလာကြပါသည်။

ကျေးရွာတွင် ကိုယ်အားကိုယ်ကိုး လျှပ်စစ်မီးကို(၂၀၀၈)ခုနှစ်မှ စတင်အသုံးပြုခဲ့ကြပြီး မဟာဓါတ်အားလိုင်း(ခေါ်)အစိုးရမှ ပေးသော လျှပ်စစ်မီးကို(၂၀၁၆)ခုနှစ်မှ စတင်၍ သွယ်တန်းအသုံးပြုကြပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်၏ဆိုးကျိုးများကိုလည်း ခံစားကြရပါသည်။ ကျေးရွာတွင်စာကြည့်တိုက်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရွာသားအများစုသည် သတင်းစာ၊ဂျာနယ်တို့ကို အလွယ်တကူဝယ်ယူဖတ်ရှုကြသည်။ တရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်မူးယစ်ဆေးဝါးသုံးစွဲမှုမှာ လူငယ်များကြားတွင်အလွန်များပြားလျက်ရှိပါသည်။ ထိုအကျိုးဆက်အနေဖြင့် ခိုးမှုများ များပြားလာပြီးလူငယ်များသည် အကျင့်စာရိတ္တကောင်းမွန်မှုမရှိတော့ပေ။ လူငယ်များကြားမူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ထိခိုက်မှုမရှိသော်လည်း လုံခြုံမှုကို ထိခိုက်လျက်ရှိသည်။ သို့ပါ၍ပြည်သူ့လုံခြုံရေး တိုးတက်လာစေရန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ရေတို၊ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ပါသည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပေါ့ရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်လျှပ်စစ်မီးကိုမဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုနှင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူ/ကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် အထောက်အကူပြုပါသည်။

လူငယ်ပညာတတ်များအသင့်အတင့်ရှိပြီး လူဦးရေအားလုံး၏(၆၅%)မှာ အလုပ်လုပ်နိုင်သောအရွယ်များဖြစ်ကြသည်။ သို့ပါ၍အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအားလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်လာနိုင်စေပြီး မူးယစ်ဆေးဝါးသုံးစွဲမှုများ လျော့နည်းလာနိုင်ပါသည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့်

ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများတို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက် မိုးညှင်းခရိုင်ဆေးရုံသို့ သွားရောက်ပြီးဆေးကုသမှုခံယူနိုင်ပါသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများလက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင်ရှိသည်ဟု ဆိုနိုင်ပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများမှာ ဆည်ရေမြောင်းသွင်းအသင့်အတင့်ကောင်း၍မြေဆီဩဇာလည်း အတော်အသင့်ကောင်းမွန်သည်ဟု ပြောနိုင်ပါသည်။ တောင်သူများလည်းလယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်သည်။ မိုးရွာသွန်းမှုများမှာ စပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာသည်လမ်းပမ်းဆက်သွယ် ရေးကောင်းမွန်သည့်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများကိုလွယ်ကူစွာတင်ပို့ရောင်းချနိုင်ပြီး ဆောင်းသီးနှံထွက်ကုန်များဖြစ်သော မုန်လာထုတ်၊မုန့်ညင်း စသည်တို့မှာ ဈေးမတည်ငြိမ်မှုနှင့်ရင်ဆိုင်ရတတ်သည်။ ကျေး ရွာသည် ပဲပုတ်များအများအပြားထွက်ရှိသော်လည်း ကုန်ချောမထုတ်လုပ်နိုင်သဖြင့် ကုန်ကြမ်းအနေဖြင့်သာ တင်ပို့ကြရသည်။ ပဲပုတ်ကုန်ချောထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်မှနည်းပညာနှင့် ငွေကြေးများကူညီပံ့ပိုးပေးမည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်ပြင် လူငယ်များလည်းအလုပ်အကိုင်အခွင့်အလမ်း ပေါများလာမည်ဖြစ်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထုတ်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသော်လည်း တပိုင်တနိုင် မွေးမြူရေးမှလွဲ၍ အခြားအကြီးစားမွေးမြူရေးလုပ်ငန်းမရှိပေ။ ၂၀၁၅ခုနှစ်တွင် ဝက်သမဘာဏ်များထားရှိသော်လည်း ကုန်ကြမ်းဈေးနှုန်းမြင့်ခြင်း၊ ကုန်ချောပစ္စည်းများကို ဈေးနိမ့်ဝယ်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာကောင်းမွန်သော်လည်း တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ အချို့လယ်မြေများမှာ လယ်မြေပျက်စီးနိုင်သည့်အန္တရာယ်များလည်း ရှိနေသည်။ သို့ပါ၍ နိုင်ငံတော် အစိုးရမှ လယ်ယာမြေပျက်စီးမည့်အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဘေးကင်းလုံခြုံမှု ရှိနေစေရန် တတ်သိနားလည်သည့်ပညာရှင်များကို ကွင်းဆင်းဆောင်ရွက်စီမံပေးသင့်ပါသည်။

ဆောင်းသီးနှံများတွင် ဖျက်ပိုးကျရောက်မှုပိုမို တွေ့ရတတ်ပြီး တောင်သူများသည် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲကြသဖြင့် မလိုလားအပ်သော အန္တရာယ်များလည်း ရှိကြပါသည်။ သို့ပါ၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် လိုအပ်သောနည်းပညာများကို တောင်သူလယ်သမားများဆီသို့ ရောက်ရှိအောင် ကွင်းဆင်းဆောင်ရွက်သင့်ပါသည်။ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော

စနစ်လည်း မရှိခြင်းကြောင့် ချေးငွေလိုအပ်သောသူများမှာ ငွေတိုးချေးသူများထံမှ အတိုးနှုန်းများစွာပေး၍ ချေးယူကြရသည်။

ကျေးရွာတွင် ထုတ်ကုန်လုပ်ငန်းမှာ ဆန်စက်၊ဆီစက်၊အုတ်ထုတ်လုပ်ငန်း၊ဆီတိုဟူးလုပ်ငန်းတို့ဖြစ်ကြသည်။ဆန်စက်လုပ်ငန်းမှာ ငွေကြေးအင်အား မလုံလောက်သည်မှလွဲ၍ အခြားပြဿနာများမရှိပါ။ဆီစက်လုပ်ငန်းများတွင် တစ်နှစ်ပတ်လုံး ကုန်ကြမ်းမလုံလောက်မှုနှင့်ရင်ဆိုင်ရတတ်သည့်အတွက် တွက်ခြေကိုက်မှု နည်းပါးသည်။အုတ်ထုတ်လုပ်ငန်းများတွင် အချိန်မှီ ကုန်ချောထုတ်လုပ်မှုအားနည်းခြင်းနှင့်ဆီတိုဟူးလုပ်ငန်းများတွင် ငွေကြေးအင်အား မလုံလောက်ခြင်းနှင့်နည်းပညာအားနည်းခြင်းတို့ကြုံတွေ့ရသည်။

ကျေးရွာတွင် ထုတ်ကုန်လုပ်ငန်းများရှိပြီး ထိုထုတ်ကုန်လုပ်ငန်းများကို ငွေကြေးနှင့် နည်းပညာများ ထောက်ပံ့ပေးခြင်းများ ပြုလုပ်ပါက ကျေးရွာ ဖွံ့ဖြိုးရေးမှာ ပိုမိုကောင်းမွန်လာနိုင်သည်။

ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုအထောက်အပံ့ကောင်းဖြစ်သော်လည်း ကုန်ချောထုတ်လုပ်မှု နည်းပါးသည်။ဖုန်းနှင့်အင်တာနက် သုံးစွဲမှုများလည်း အသင့်အတင့်ကောင်းမွန်သည်။

တခါတရံ မိုးရာသီတွင် မိုးခေါင်တတ်ခြင်းကြောင့် တောင်သူများ စိုက်ပျိုးချိန်မမှန်ခြင်းမှာလည်း ဖြစ်တတ်ပါသည်။ဒေသစပါးမျိုးများမှာ ရာသီချိန်အမှီ စိုက်ပျိုးနိုင်မှသာ အထွက်နှုန်းကောင်းမွန်ပြီး စိုက်ပျိုးချိန်မမှန်လျှင် သီးနှံအထွက်နှုန်းများလျော့ကျတတ်သည်။သီးနှံရိတ်သိမ်းချိန်များတွင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကလည်းတောင်သူများအတွက် သီးနှံအထွက်နှုန်းလျော့ကျစေသည့် ပြဿနာတစ်ခုဖြစ်သည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များ ဖန်တီးခြင်း စိုက်ပျိုးရေးလုပ်ငန်းများ၊နည်းပညာများ ထောက်ပံ့ပေးခြင်း၊ခိုင်မာသည့်စျေးကွက်များရရှိခြင်းတို့ မှ ကျေးရွာ၏ စီးပွားရေးအနေအထားကို ပိုမိုတိုးတက်ရရှိစေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေး၊မူးယစ်ဆေးဝါး တိုက်ဖျက် ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့မှ လူသားဆိုင်ရာ စွမ်း ဆောင်ရည် နယ်ပယ်များကို မြှင့်မားစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မာလာမှု မှ တဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရားများ ပိုမို တိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကို ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ခြင်းမှ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ပိုမိုအဆင်ပြေ ချောမွေ့လာစေနိုင်အောင် စီမံဆောင်ရွက်မည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းနှီးငွေ နည်းပညာနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက် ပြီး စိုက်ပျိုးရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ ရင်းနှီးငွေ ရရှိနိုင်ရန် အခြားနေရာများနှင့် ချိတ်ဆက်ပေး မည်။အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေးနှင့် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး တနိုင်တပိုင် မွေးမြူရေးနည်းပညာ များထွန်းကားလာရေးအတွက် သက်ဆိုင်ရာပညာရှင်များမှ နည်းပညာများ ကွင်းဆင်းသင်တန်း ပို့ချ ပေးရန်

ခ.၂) ကျွန်ုပ်တို့သည် ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင် စသော သင်တန်း များတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများ၌ သင်တန်းသားများအတွက် ကျွမ်းကျင်မှုကို တိုးပွားရရှိစေပြီး ဝင်ငွေလုပ်ငန်း များ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။ကျွန်ုပ်တို့သည့် မိုးညှင်းပင်းဟဲ ကျောက်ချောလမ်းကို ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို တောင်းဆိုသွားမည်။

ခ.၃) ကျွန်ုပ်တို့သည် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်ခြင်းလုပ်ငန်း များ၊ဟောပြောပို့ချခြင်း၊မူးယစ်ဆေးဝါး သုံးစွဲနေသူများအား တိုက်ဖျက်ရေးနှင့် ပြန်လည်နေရာ ချထားရေး အစီအစဉ်များကို သက်ဆိုင်ရာ၊ဌာနဆိုင်ရာများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်။

ခ.၄) ကျွန်ုပ်တို့သည် ကျေးရွာ အခြေပြုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန်၊သင်တန်းများပို့ချပေးနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် သင်တန်း ပို့ချနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချရေး

ကျေးရွာတွင်စပါးကိုအဓိကစိုက်ပျိုးပြီး သီးထပ်အနေဖြင့် ပဲပုတ်အဓိကစိုက်ပျိုးကာအခြားသီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။ စပါးတွင်သီးနှံ အဖျက်ပိုးကျရောက်မှုနည်းပါးသော်လည်း ပဲပုတ်များတွင် သီးနှံအဖျက်ပိုးကျရောက်မှုကျရောက်မှုများပြားသည်။ ထို့ကြောင့် သီးနှံအဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုအနည်းငယ်ရရှိသော်လည်း ဖျက်ပိုးထိရောက်စွာ ထိရောက်မှုမရှိပေ။ တောင်သူများသည်ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲကြသဖြင့် မြေဆီလွှာပျက်စီးမှုအန္တရာယ် များလည်းရှိနေပါသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပ ညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေများကိုရရှိကြပြီး ပြန်လည်ပေးဆပ်မည့်ကာလများတွင် စပါးစျေးနှုန်းများကို ကုန်သည်များက စျေးနှိမ်ဝယ် ယူမှုများ ရှိနေခြင်းကြောင့် တောင်သူများအခက်အခဲကြုံတွေ့ရပါသည်။ ကျေးရွာတွင် ဇောတိကသမအသင်း ရှိပြီး အဖွဲ့ဝင်(၅၄)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အဖွဲ့ဝင်များသည် ချေးငွေများကို (၆)လတစ်ကြိမ် ချေးယူနိုင်မည်။ မြစိမ်းရောင် ဝက်အသားတိုးစီမံကိန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အဖွဲ့ဝင် (၉၄)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ကျေးရွာတွင်ချေးငွေလိုအပ်သော မိသားစုများပြားသည်။

(ဃ) ကျေးလက်အသေးစား စက်မှုလက်မှုဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုဆိုင်ရာ လုပ်ငန်းများမှာ ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊အုတ်ထုတ်လုပ်ရေးလုပ်ငန်း၊ဆီတိုဟူးလုပ်ငန်း၊ဝပ်ရှော့လုပ်ငန်း၊လှည်းလုပ်ငန်းစသည်တို့ ဖြစ်သည်။ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိ ပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊လုပ်ငန်းကျွမ်းကျင်မှု စျေးကွက် သတင်းအချက်အလက်များ လက်လှမ်းမီမှုများအားနည်းသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများအတွက်လုပ်ငန်းစီမံခန့်ခွဲရေး၊လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းတွင် အပြည့်အဝ ရေးဆွဲရန် ခက်ခဲသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များမှာ ပဲပုတ်ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများဖြစ်သည်။အကြောင်းမှာ ကျေးရွာတွင် ပဲပုတ်ကုန်ကြမ်းကို တစ်နှစ်လျှင် (၂)ကြိမ်ထုတ်လုပ်နိုင်ခြင်း၊ကုန်ကြမ်း အမြောက်အများ ထုတ်လုပ်နိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း စသည်တို့ဖြစ်သည်။နိုင်ငံတော်အစိုးရအနေဖြင့်စီးပွားရေးလုပ်ငန်း အထောက်အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင် ပညာရှင်နှင့် တိုးချဲ့ ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရမည်။

(င) လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း

ကျေးရွာတွင်းရှိ လမ်းများမှာ အများအားဖြင့် ကျောက်ခဲလမ်းများသာဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းမှ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမို ကောင်းမွန်လာနိုင်သည်။

(စ) မူးယစ်ဆေးဝါးပြဿနာ

ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲမှု အလွန် များပြားပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့် ပူးပေါင်း၍ နိုင်ငံတော်မှ စီမံဆောင်ရွက်သင့်သည်။ ထို့ပြင် ကျောင်းသားလူငယ်များကိုလည်း မူးယစ်ဆေးဝါး အန္တရာယ်များကို ဟောပြောပို့ချ ခြင်းများကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ ပညာပေးပို့ချသင့်သည်။

၈။ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှု မရှိနိုင်ပဲ နောက်ထက်တိုးလာမည့် လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ လမ်းပန်းဆက်သွယ်ရေးတိုး တက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း (ရွာတွင်းလမ်း/တံတား)	၉၂	၁	–ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း။ - ရွာချင်းဆက်လမ်းခင်းခြင်း - ရေပြွန် ဆောက် လုပ် ခြင်း။ - ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း - ရာသီမရွေးသွားလာနိုင်ရန် ကုန်ထုတ်လမ်းလိုအပ်ခြင်း	
ပညာရေး					
စာသင်ကျောင်း	၂။ ကလေးပျော်၍ ဘက်စုံ တော်စေသည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊	၈၂	၂	– အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်း၊ ဘားဒန်း စသည် ဖြင့် စီမံထားရှိခြင်း၊ – ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း၊ – မူကြိုကျောင်းဆောင်ပြုပြင်ခြင်း _ စာသင်ကျောင်းလမ်းကွန်ကရစ်ခင်းခြင်း _ မူကြို ကြိုပို့ကားလိုအပ်ခြင်း	စာသင်ကျောင်း

စိုက်ပျိုးရေး					
	၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး	၇၂	၃	- စိုက်ပျိုးရေးချေးငွေများလုံ လောက်စွာရရှိနိုင်ရေး၊ - လယ်ယာသုံးစက်ကိရိယာ များစွေးနှုန်းသက် သာစွာဖြင့်ငှားရမ်းအသုံးပြုနိုင်ရေး၊ - တောင်သူထွက်ကုန်ပစ္စည်းစွေးကွက်အချိန်မီသို့တင်ပို့နိုင်ရန် - လယ်ယာသုံးပစ္စည်း မြေဆီလွှာအရည်အသွေး ကျဆင်းမှု လယ်ယာမြေပျက်စီးမည့်အန္တရာယ်ကာကွယ်နိုင်ရန် - ပဲပုတ်ကုန်ချောပစ္စည်းထုတ်လုပ်နိုင်ရန်	-
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
ချေးငွေ	၄။ ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊	၆၈	၄	– ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပ ငွေကြေး အဖွဲ့ အစည်း များနှင့်အကျိုးတူ စီးပွား ရေး လုပ် ငန်းများ လုပ်ကိုင် နိုင်ရန် ဆောင်ရွက်ခြင်း၊ - ပြင်ပအဖွဲ့အစည်းများမှအတိုးနှုန်းသက်သာသော အ ရင်းအနှီးဆိုင်ရာချေးငွေများရရှိရန်ဆောင်ရွက်ခြင်း၊	
လူငယ်ဖွံ့ဖြိုးရေး					
လူငယ်နှင့်အားကစား					
	၅။ သက်မွေးဝမ်းကျောင်း နည်းပညာများ ပြန့်ပွါးလာရေး လူငယ်ကဏ္ဍအရေးပါမှု/ လူငယ်နှင့်မူးယစ်ဆေးဝါး	၅၄	၅	- သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ - အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်း၊ - စာကြည့်တိုက်ဖွင့်လှစ်၍ အသိပညာတိုးပွားစေရန်	

				- ပရဟိတလုပ်ငန်းများတွင် အမျိုးသား များပါဝင်မှုအားနည်းခြင်း	
စီမံအုပ်ချုပ်မှု စနစ်	၆။ ကျေးရွာအဖွဲ့အစည်းများ စွမ်းရည် မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း	၅၀	၆	- ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ခြင်းသင်တန်း၊ - ငွေစာရင်းသင်တန်း၊ - အဖွဲ့အစည်းဆိုင်ရာသ ဘောတရားရေးရာသင်တန်း၊ - နာရေးကူညီမှုအသင်းကားလိုအပ်ခြင်း - တောလယ်ကိုအသိအမှတ်ပြုလက်မှတ် ရရှိရေး - ပရဟိတလုပ်ငန်းများတွင်အမျိုးသား များပါဝင်မှုအားနည်းခြင်း - ရာသီအလိုက်ကူးစက်ရောဂါ(သားအိမ်ခေါင်းကင်ဆာ ကာကွယ်ရေး)ထိုးနှိုင်ရန် ချိန်ဆက်ခြင်း	–
မွေးမြူရေး	၇။ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး	၄၉	၇	– မွေးမြူရေးချေးငွေများပိုမိုရရှိရန်ဆောင်ရွက်ခြင်း။ – ခေတ်မီမွေးမြူရေးစနစ် များ လက်တွေ့ဆောင်ရွက်ခြင်း၊ - မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ - နွားမျိုးကောင်းမျိုးသန့်ရရှိရေး	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း (ရွာတွင်းလမ်း/တံတား)	၁	——	——	——		
၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊	၂	——				
၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး	၃		——	——		
၄။ ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊	၄	——	——	——		
၅။ သက်မွေးဝမ်းကျောင်း နည်းပညာများ ပြန့်ပွါးလာရေလူငယ်ကဏ္ဍအရေးပါမှု/ လူငယ်နှင့်မူးယစ်ဆေးဝါး	၅	——	——	——	——	——
၆။ ကျေးရွာအဖွဲ့အစည်းများ စွမ်းရည် မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း	၆	——				
၇။ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး	၇	——	——	——	——	

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်

ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း (ရွာတွင်းလမ်း/တံတား)			√		
၂	ကလေးပျော်ရွှင် ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊			√		
၃	စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး		√		√	
၄	ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊	√				
၅	သက်မွေးဝမ်းကျောင်း နည်းပညာများ ပြန့်ပွါးလာရေးလူငယ်ကဏ္ဍအရေးပါမှု/လူငယ်နှင့်မူးယစ်ဆေးဝါး				√	
၆	ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း				√	
၇	မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး	√		√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ

ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက် အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(၁၁-၃) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်အစကနဦးကာလတွင် အချိန်ပိုင်း အလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစု ပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၃၆	၂၆	၆၂	၂%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၁၀၂	၉၆	၁၉၈	၆.၃%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၁၃၁	၁၀၇	၂၃၆	၇.၅%
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၁၈၂	၁၇၀	၃၅၂	၁၁.၂%
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၄၅	၁၀၈၆	၂၀၃၁	၆၄.၇%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀၃	၁၅	၂၆၂	၈.၃%
စုစုပေါင်း လူဦးရေ - ၃၁၄၁		**၁၄၉၉**	**၁၄၉၈**	**၂၉၉၇**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၅၇၇		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅.၄%**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ၁၅ နှစ်အောက်လူငယ်များတွင် အမျိုးသားဦးရေးများသော်လည်း ၁၅ နှစ်နှင့်အထက်လူလတ်ပိုင်းနှင့်လူကြီးပိုင်းတို့တွင် အမျိုးသားဦးရေထက်အမျိုးသမီးဦးရေက ပိုမိုများပြားကြောင်း တွေ့ရှိရသည်။အမျိုးသားများသည် မူးယစ်ဆေးဝါးကို အလွန်အကျွံသုံးစွဲခြင်းကြောင့်ဖြစ်သည်ဟုသုံးသပ်နိုင် သည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၃၄၁		-	၄	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၆၄		-	-	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			၂	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁			၂	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၃			၅	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁၄		-	၃	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			၅	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၃		-	၂၁	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄၂		-	၄၂	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း				၃	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂			၁၃	
၁၆	**ပညာရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ် ထောင်စု	%	မိသားစု ဝင်လုပ် အား		
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၃၉	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၂၁	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	၂				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၀၅			-	
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			၂	
	စုစုပေါင်း	**၅၇၇**	**-**		**၁၆၀**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့်ရွာဖြစ်သည့်အတွက် တောင်သူမိသားစုများ များပြားပြီးအခြားလုပ်ငန်းများကိုလည်း လုပ်ကိုင်သည်။စိုက်ပျိုးရေးကို အဓိက ထားလုပ်ကိုင်သည့်အိမ်ထောင်စု(၃၄၁)စုရှိပြီး (၂၃၆)အိမ်ထောင်စုမှာ အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ကျန်ရှိသော(၃)အိမ်ထောင်စုမှာ ဆွေမျိုးများ၏အထောက်အပံ့ကို ရရှိကြောင်းလေ့ လာတွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀	အလုပ်ချိန်(၈)နာရီ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပို၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၄၅၀၀	၄၀၀၀	၃၀၀၀	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၃၀၀၀	-	၂၀၀၀	-	အလုပ်သင်
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	၁၇၀၀	-	၁၇၀၀	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	၆၀၀၀	-	၃၀၀၀	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လယ်ယာလုပ်ငန်းများတွင်သာ အဓိကလုပ်ကိုင်ကြပြီး လယ်ယာလုပ်ငန်းမရှိသည့် အချိန်များတွင် အခြားလုပ်ငန်းများ၌လုပ်ကိုင်ကြသည်ကိုတွေ့ရှိရပြီးလုပ်ငန်းအလိုက် ကျား၊မ လုပ်အားခနှုန်း

ထားများကွဲပြားမှုရှိသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၀၉၆	သင့်	ဆည်ရေရ	၈၀%ခန့်
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ	၅	သင့်		
အိမ်ခြံဝင်း စိုက်ခင်း	၁၆	သင့်		
နှစ်ရှည်သီးနှံစိုက်ခင်း	၁၈	ကောင်း		
ရွှေ့ပြောင်းတောင်ယာ မြေ	-			
ကိုင်း/ကျွန်းမြေ	၆	ကောင်း		
စားကျက်မြေ	-			
ပလပ်မြေ	-			
အခြား	၇၆၈	သင့်		
စုစုပေါင်း	**၂၉၀၉**			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လယ်ယာမြေများတွင် မိုးရာသီတွင် စပါးကိုသာအဓိကစိုက်ပြီး ဆောင်းသီးနှံနှင့်နွေရာသီတွင် ပဲပုတ်၊သစ္စာပန်း၊မြေပဲနှင့် အခြားသီးနှံများကိုလည်းစိုက်ကြသည်။တောလယ်တွင် မူအချို့ရေရသည့် နေရာများတွင် စပါးကို စိုက်ပျိုးပြီး ကျန်နေရာများတွင် ပဲပုတ်ကို မျိုးပြန့်အနေနှင့်ရော ရောင်းချ ပို့ရန်အတွက်ပါစိုက်ပျိုးကြသည်။တောလယ်တွင် ကြိုးကြာ၊မုန့်ညင်းများကိုလည်းစိုက်ပျိုးကြသည်။ကြိုးကြာ၊ မုန့်ညင်းများသည် ဈေးမမှန်မှုနှင့်ရင်ဆိုင်ရတတ်သည်။အခြားသီးနှံများဖြစ်သော သစ္စာပန်း၊ခရမ်းချဉ်၊မုန်လာတို့ ကိုလည်းစိုက်ပျိုးကြသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)**
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	နည်း	ခက်
အခြား ရင်းမြစ်များ	သင့်	ခက်
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	လက်လှမ်းမမီ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လက်လှမ်းမမီ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်အနေဖြင့် ထင်းမီးသွေးရရှိနိုင်မှု နည်းပြီး လက်လှမ်းမီမှုနည်းပါးသည်။သဘာဝပေါက်ပင်အနေဖြင့် အင်၊ဝါး၊တယော်ပင်၊သစ်ယာ၊အင်ကြင်း စသည်တို့ရှိသော်လည်း တဖြည်းဖြည်းရှားပါးသဖြင့် လက်လှမ်းမီမှုနည်းပါးသည်။ရရှိနိုင်မှုခက်ခဲသည်။ သစ်၊ဝါး အခြေခံကုန်ချော ထုတ်လုပ်ရန် ကျွမ်းကျင်မှုအားနည်းသည်။အခြားအရင်းအမြစ်များအနေဖြင့် ဆောက်လုပ်ရေးအတွက် အသုံးဝင်သော သဲ ၊ကျောက်ကိုအလုံအလောက်ရရှိနိုင်သည်။သဘာဝ ဆေးဖက်ဝင်အပင်အနေဖြင့် ဝံအူမြစ် ၊သရင်းကြီးမြစ် ၊ဆင်တုံးမန္တယ် စသည်တို့ အလုံအလောက်ထွက်ရှိသော်လည်း ၎င်းသဘာဝအရင်းအမြစ်များကို ဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရန် ဗဟုသုတနှင့်နည်းပညာ အားနည်းနေကြပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၁၀ ဧကနှင့် အထက်	၅ ဧကနှင့်၁၀ ဧကကြား	၅ ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	တိုက်/နံရံကပ်တိုက်	ပျဉ်ထောင်/ပျဉ်ခင်း	နှစ်ထပ်မြေစိုက်ထရံကာ	ကြမ်းခင်းထံရံကာ
လုပ်ငန်းသုံးကိရိယာ	လက်တွန်းထွန်	လက် တွန်း	လှည်း၊နွားကျဲ	နွား

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
ပိုင်ဆိုင်မှု	စက်၊ ခြေလှေ စက်၊ ထွန်စက်ကြီး	ထွန်စက်၊ကျွဲ၊နွား၊လှည်း		
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ရေခဲသေတ္တာ၊ TV၊စလောင်း၊ ဖုန်း၊ဓါတ်အားလိုင်း	ဆိုင်ကယ်၊ တီဗွီ၊ စလောင်း၊ဖုန်း၊ဓါတ်အားလိုင်း	ဆိုင်ကယ်၊စက်ဘီး၊ဖုန်း၊ဆိုလာ	ဆိုင်ကယ်၊စက်ဘီး၊ ဆိုလာသေး၊ဖုန်း
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ဆန်စက်၊ ဆီစက်	လယ်၊ဈေးရောင်း ဈေးဝယ်	လယ်၊တော၊ အခင်း	နေ့စား
အခြားပိုင်ဆိုင်မှု	ကား	ဆီယာတိုင်		
အိမ်ထောင်စု - ၅၇၇	၅၅ (၁၀%)	၂၁၈(၃၇ %)	၂၁၃ (၃၇ %)	၉၁ (၁၆ %)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အချို့မိသားစုများမှာ လယ်မြေပိုင်ဆိုင်မှု ၁၀ဧကကျော်သော်လည်း အခြားလုပ်ငန်းများနှင့်တွဲဖက်လုပ်ကိုင်သဖြင့် ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုအဖြစ်ရပ်တည်နိုင်ကြသည်။အချို့မိသားစုများများ လယ်မြေပိုင်ဆိုင်မှု(၁၀)ဧကနှင့်အထက် ပိုင်ဆိုင်သော်လည်း ကျောင်းသားစရိတ်ကုန်ကျမှု၊ကျန်းမာရေးအတွက်ကုန်ကျမှုများသောကြောင့် စီးပွားရေး ရပ်တည်မှုတွင် အလယ်အလတ်အဆင့်သာ ရပ်တည်နိုင်သည်။ကျေးရွာတွင် ဆန်စက်နှင့်ဆီစက်လုပ်ငန်းလုပ်ကိုင်သော မိသားစုများမှာ စီးပွားရေးရပ်တည်မှုအားကောင်းသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၇	၈%	ချေးယူစားသုံး
၃ လနှင့် ၅ လ အထိ	၃၁	၃၄%	ချေးယူစားသုံး
၆လ မှ ၁၂ လ အထိ	၅၂	၅၈	

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)အိမ်ထောင်စုများသည် စီးပွားရေးအရ အဆင်မပြေသော်လည်း အကြွေးတင်ရှိမှုများသိပ်မရှိပေ။အကြောင်းမှာ ကျန်းမာရေးမကောင်းသည့် မိသားစုများမှလွဲ၍ အချို့မိသားစုများမှနေ့စဉ် အလုပ်ရှာဖွေ၍ စားသောက်ကြခြင်းဖြစ်သည်။သားသမီးများကို ပညာရေးတွင်အလေးမပေးသည့်အတွက် အိမ်ထောင်စုများသည် ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ဖို့ ခက်ခဲပေလိမ့်မည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	၅	၁၃	၁၈
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၆	၄	၁၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၆		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၅		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများမှာ မိသားစုဝင်များမှ စီးပွားရေးအဆင်မပြေခြင်းကြောင့် အဖြစ်များသည်။မသန်စွမ်းသည့် ပုဂ္ဂိုလ်များမှာမူ ကျေးရွာ၏စောင့်ရှောက်မှု သီးသန့်မရရှိကြပေ။ဆင်းရဲသော မိသားစုဦးရေများသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများမှာ အိမ်ထောင်ဦးစီးသည် အများအားဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သေဆုံးသည်ကများသည်။ထိုမိသားစုများသည် ကျေးရွာအတွက်အခက်အခဲတစ်ခုဖြစ်သည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	ဆန်စပါးလုံလုံလောက်လောက်ထွက်ရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	ကျေးရွာတွင် စိုက်ပျိုးမြေအသင့်သင့်ရရှိ
၃	ရေကြီးခြင်း	နိမ့်	ရေကြီးခြင်းမရှိပါ။
၄	မိုးခေါင်ခြင်း	လတ်	မိုးရာသီတွင် မိုးအသင့်သင့်ရွာသွန်
၅	အအေးလွန်ကဲခြင်း	နိမ့်	ရာသီဥတုမအေး

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၆	မုန်တိုင်း	နိမ့်	တောင်ပေါ်ဒေသဖြစ်သည့်အတွက် မုန်တိုင်းမရှိ
၇	ငလျင်	နိမ့်	ယခုနှစ်တွင်မြေငလျင်ကြီးမားမှုမရှိ
၈	မီးဘေး	လတ်	အသေးစားမီး အန္တရာယ်ရှိသည်။
၉	ဆားငန်ရေဝင်မြေ		တောင်ပေါ်ဒေသဖြစ်သည့်အတွက်
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်	သစ်တောပြုန်းတီးခြင်းကြောင့် မြေဆီလွှာပျက်စီးမှုအနည်းငယ်ရှိ
၁၁	သစ်တောပြုန်းတီးခြင်း	လတ်	တရားမဝင်သစ်ထုတ်လုပ်ခြင်း
၁၂	၄က်ဖျားရောဂါ	လတ်	တောင်ပေါ်ဒေသဖြစ်သည့်အတွက်
၁၃	တီဘီရောဂါ	နိမ့်	တီဘီရောဂါဖြစ်ပွားမှုအနည်းငယ်ရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	ကိုယ်ခံအားကျဆင်းမှုရောဂါ
၁၅	ပြည်တွင်း ပဋိပက္ခ		
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	ခွာနှာလျှာနာဖြစ်ပွား
၁၇	လူကုန်ကူးခြင်း		မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်		
၁၉	အခြား	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စားနပ်ရိက္ခာမှ ဖူလုံမှုရှိသည်။ယခုနှစ်ပိုင်းတွင် ကြီးမား သည့် ငလျင်များလည်းမလုပ်ခတ်ပေ။ထင်းခုတ်ခြင်းနှင့်တရားမဝင် သစ်ခုတ်ခြင်းများသောကြောင့် သစ်တော ပြုန်းတီးခြင်းများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည်။ယခုနှစ်ပိုင်းတွင် ၄က်ဖျား ရောဂါဖြစ်ပွားမှုနည်းပါးပြီး ကိုယ်ခံအားကျဆင်းမှုရောဂါမှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်အပျော်လိုက်စားခြင်းတို့မှ ကူးစက်မှုများသည်။ရောဂါကူးစက်ခံရသူများမှာ များသောအားဖြင့် ဆုံးပါးသွားကြပြီး အိမ်ထောင်ရှင်အမျိုးသမီးနှင့် ကလေးတို့တွင် ရောဂါကူးစက်ခံရမှုက ကျေးရွာတွင်ပိုမိုတွေ့ရှိရသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးသုံးစွဲမှု

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	ဝင်ငွေမလုံလောက်ခြင်း
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	ဝင်ငွေမလုံလောက်ခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ		
၅	မြစ်ကမ်းဘေး နေထိုင်သူများ		
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ		တစ်ရွာလုံးရွာလယ်လမ်းဒေါင့် နေထိုင်သည့်အိမ်ထောင်စု
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP)		ကျေးရွာတွင်ပြည်တွင်းစစ်မရှိပါ
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		
၉	ငါးကန်ပိုင်ရှင်	နိမ့်	စိုက်ပျိုးရေးနှင့်တွဲလုပ်ခြင်း
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	အလုပ်ပုံမှန် မရှိခြင်း
၁၁	လူနည်းစုလူမျိုးများ	နိမ့်	တန်းတူညီတူအခွင့်ရေးရရှိခြင်း
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ		
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ		
၁၄	ရွှေတွင်းလုပ်သား	မြင့်	အန္တရယ်ရှိခြင်း
၁၅	ဆေးစွဲသူများ	မြင့်	စီးပွားရေးကျဆင်းလာခြင်း
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	လတ်	မူးယစ်ဆေးဝါးသုံးစွဲမှု များပြားခြင်း
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ		
၁၈	နေရပ်ပြန် အခြေချသူများ		
၁၉	ရွှေ့ပြောင်းလုပ်သားများ		
၂၀	ကားသမား	လတ်	လမ်းအခြေအနေသိပ် မကောင်းခြင်း
၂၁	အခြား	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ လူလတ်ပိုင်းတွင် မူးယစ်ဆေးဝါးအလွန်အကျွံ သုံးစွဲသည့်အတွက် ကျေးရွာလူထု၏ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများဖြစ်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	လူမှုရေးအဖွဲ့(၄)ဖွဲ့	၂				လူမှုရေးလုပ်ငန်း	၄	၆
၂	ယဉ်ကျေးမှု(၃)ဖွဲ့	၃				ဘာသာရေးလုပ်ငန်း	၄	၆
၃	ပြည်သူ့စစ်အဖွဲ့	၂	၃၀		၃၀		၅	၈
၄	မီးသတ်အဖွဲ့	၂	၂၀		၂၀	လူမှုရေးလုပ်ငန်း	၅	၈
၅	တောင်သူ လယ်သမား	၁	၄၀	၁၀	၅၀	ပုံစံ(၇)ရရှိရေး	၄	၈
၆	ဓမ္မစကူးလ်အဖွဲ့	၃	၂		၁၈	ဘာသာရေးလုပ်ငန်း	၄/၅	၆
၇	သမအသင်း	၁			၅၄	စီးပွားရေး	၄/၅	၇
၈	မြစိမ်းရောင်ဝက်အသားတိုး	၁			၉၄	စီးပွားရေး	၄/၅	၇

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြံ့ခိုင်သလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဇောတိကသမအသင်းရှိသော်လည်းအဖွဲ့အပေါ် အားကိုးမှုနည်းပါသည်။မြစိမ်းရောင်ဝက်အသားတိုးလုပ်ငန်းများကို ချမှတ်ဆောင်ရွက်ပေးသော်လည်း ကုန်ကြမ်းပစ္စည်းဈေးမြင့်ခြင်းကုန်ချောဖြစ်သော ဝက်သားကို ဈေးနိမ့်ဝယ်ခြင်းကြောင့် တွက်ချေကိုက်မှုနည်းပါးသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	CF	၂	သစ်တောဖုံးလွှမ်းမှုတိုးတက်
၂			
၃			
၄			
၅			
၆			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် CF အဖွဲ့မှာ အဖွဲ့အစည်းကောင်းကောင်းရှိပြီး တစ်ပိုင်တစ်နိုင် ကျွန်းခင်းများနှင့်အခြားသစ်မာ များကို စိုက်ပျိုးခြင်းဖြင့် သစ်တောပြုန်းဖုံးလွှမ်းမှုတိုးတက်အောင်ဆောင်ရွက်ပေး သည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၉၂	၃၃.၂၈%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၆	၇.၉၇%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၁၃၆	၂၃.၅၇%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၆၇	၂၈.၉၄%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၃၆	၆.၂၄%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၅၇၇**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်သည့်ကျေးရွာဖြစ်သည့်အတွက် လယ်မြေများကို အဓိကဝယ်ယူကြသည်။ကျေးရွာတွင် မြေကွက်ဝယ်ယူသူများသာရှိပြီး ရောင်းချသူနည်းပါးသည့် အတွက် ကျေးရွာ၏ ပြင်ပတွင်းများတွင်သာဝယ်ယူကြရသည့် ကျေးရွာတွင် မြေယာဝယ်လိုအားများသဖြင့် လယ်မြေဈေးနှုန်းများမြင့်မားသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ/ပုဂ္ဂလိက	ရေသောက်ကေ	ရရှိနိုင်မှု	
				တန်စပတ်လုံး/ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	ပုဂ္ဂလိက	၁၅၀၀	ရာသီအလိုက်	ရှိ
၂	ရေလွှဲဆည်	-			
၃	မြစ်ရေတင်စီမံကိန်း	-			
၄	အဝီစိတွင်း	ပုဂ္ဂလိက	၂၅	တစ်နှစ်ပတ်လုံး	ရှိ
၅	လက်ဝင် ရေတွင်း	-			
၆	စိမ့်စမ်းရေ	-			
၇	ချောင်းရေ	-	၂၀၉၆	ရာသီအလိုက်	ရှိ

စဉ်	ရင်းမြစ်	အစိုးရ/ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန်စ်ပတ်လုံး/ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၈	အခြား	-			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လယ်မြေများ မိုးရာသီတွင် စပါးစိုက်ပျိုးခြိန်တွင်သာ ရေရရှိပြီး နွေရာသီတွင် ချောင်းများရှိရေများမှာနည်းပါးသွားသဖြင့် ရေသွင်း၍ စိုက်ပျိုးရသောသီးနှံများစိုက်ပျိုးဖြစ်ထွန်းမှုမရှိပေ။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
မိုးစပါး	၂၀၉၆	တင်း	၈၀	၁၀၀	၉၀	၇	၁၁	နိမ့်	လတ်	
ပဲပုတ်	၂၀၀၀	တင်း	၂၀	၂၅	၂၂	၁	၅	နိမ့်	လတ်	
မြေပဲ	၂၀	တင်း	၅၀	၈၀		၂	၆	မြင့်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကသီးနှံများမှာ စပါးနှင့်ပဲပုတ်တို့ဖြစ်သည်။စပါးအထွက်နှုန်းများ တစ်ဧကလျှင် အများဆုံး တင်း ၁၀၀၊အနည်းဆုံး ၈၀ တင်းထွက်ရှိပါသည်။ထို့ပြင် ကျေးရွာ တွင် ပဲပုတ်စိုက်ဧကမှာ ၂၀၀၀ရှိပြီး သီးနှံထွက်ရှိမှုမှာ အနည်းဆုံး ၂၀ တင်း၊အများဆုံး ၂၅ တင်းထွက်ရှိပြီး မြေပဲစိုက်ဧကမှာ ၂၀ ဧကစိုက်ပျိုးပြီး သီးနှံထွက်ရှိမှုမှာ တစ်ဧကလျှင် အနည်းဆုံး ၅၀တင်း အများဆုံး ၈၀တင်းထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်	၁	-	-	-	-		
လက်တွန်းထွန်စက်	၂၆၆	-	-	-	-	-	
အစေ့ချ ကိရိယာ	-					-	
ရိတ်သိမ်းခြွေလှေ့စက်	-					-	
ရိတ်သိမ်းစက်	-					-	
ခြွေလှေ့စက်	၃၈	-	-	-	-		
ရေစုပ်စက်	၃၇	-	-	-	-	-	
ခြေနင်းရေတင်စက်	-						
မြက်ရိတ်စက်	၁၇၃						

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်တွန်းထွန်စက်များကိုသာ အဝယ်များပြီး ထွန်စက်ကြီးများကိုမူ ဈေးနှုန်းကြီးဖြစ်ခြင်းကြောင့်ဝယ်ယူမှုအားနည်းသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	မြေဆီလွှာအရည်အသွေးပြန်လည်ပြုပြင်၍ ရရှိနိုင်ခြင်း
ရေရင်းမြစ်	ချောင်းစိမ့်စမ်းရေများရှိခြင်း
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	နွားချေး၊ပဲပုတ်ဖတ်
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ	စိုက်ဘဏ်ချေးငွေ၊သမဘဏ်

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	နည်းပညာဖြန့်ပေးမှုအားနည်း
သွင်းအားစုစျေးကွက်	အလုံအလောက်ဝယ်ယူရရှိနိုင်ခြင်း
ထုတ်လုပ်မှုစျေးကွက်နှင့် ကုန်သွယ်မှု	အသင့်အတင့်ကောင်း
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သီးနှံထုတ်ကုန်လုပ်မှုတိုးတက်စေရန် ဓါတ်မြေဩဇာများကို လွယ်လွယ်ကူကူဝယ်ယူရရှိနိုင်ခြင်း၊ချောင်းများရှိခြင်းတို့ကြောင့် သီးနှံထုတ်လုပ်မှုတိုးတက်စေမည့် အချက်များဖြစ်သည်။ထွက်ရှိလာသော သီးနှံများကို ဝယ်ယူလိုအားရှိခြင်းနှင့်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ရှိသည်။

(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	အားနည်းခြင်း
မြေဆီဩဇာ အခြေအနေ	ဓါတ်မြေဩဇာအသုံးများခြင်းကြောင့်မြေဆီလွှာပျက်စီးနိုင်
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	တစ်ခါတစ်ရံနောက်ကျတတ်ခြင်း
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	အသုံးများသည့်အတွက် ပစ္စည်းပြတ်လတ်သည်။
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	ရာသီချိန်လုပ်သားအင်အားမလုံလောက်
ရေရင်းမြစ်များ ရရှိနိုင်မှု	မိုးရာသီတွင်သာရရှိပြီးကျန်အချိန်တွင်ရေအင်အားနည်းပါး
စိုက်ပျိုးရေမလုံလောက်မှု	
ဖျက်ပိုးနှင့် ရောဂါ	ဖျက်ပိုးကျ
စျေးကွက် လက်လှမ်းမီမှု	စျေးဒိုင်ဝယ်ယူတတ်ခြင်း
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာဖြန့်ဝေမှုအားနည်းခြင်း
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သီးနှံ ထုတ်လုပ်မှုအတွက် ပြဿနာများမှာ ဓါတ်မြေဩဇာသုံးစွဲခြင်း

ကြောင့်မြေဆီလွှာပျက်စီးနိုင်ခြင်း၊ရိတ်သိမ်းချိန်တွင် မိုးရွာခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းများ လျော့နည်းခြင်း တို့ဖြစ်နိုင်ပါသည်။ထို့အပြင် မုန်တိုင်း၊ခရမ်းချဉ်၊သစ္စာပန်း၊နှမ်း အခြားသီးနှံများမှာ ခိုင်မာသောစျေးကွက်မရရှိ ခြင်းတို့ကြုံရတတ်သည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၃၄၃	၂၁၆၁	တပိုင်တနိုင်သာမွေးမြူခြင်း
နို့စားနွား			
မြင်း			
ကျွဲ	၁၂	၅၄	တပိုင်တနိုင်သာမွေးမြူခြင်း
မြည်း	-	-	
လား	-	-	
ဆိတ်			
သိုး			
ဝက်	၁၆၂	၄၀၈	အကြီးစားမွေးမြူမှုမရှိခြင်း
ကြက်	၁၅၆	၁၀၆၆	ဒေသကြက်မျိုးကိုမွေးမြူခြင်း
ဘဲ			
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	၂	၂၈က	စီးပွားဖြစ်မွေးမြူမှုမရှိခြင်း
ပုဇွန်ကန်	-		
ဂဏန်းမွေးမြူရေးလုပ်ငန်း	-		
ရေချို ငါးဖမ်းလုပ်ငန်း	-		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-		
အခြား	-		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားများကို စိုက်ပျိုးရေးတွင် အသုံးပြုရန်အတွက်သာ မွေးမြူမှု များသည် စီးပွားဖြစ်မွေးမြူမှုမရှိသလောက်နည်းပါးသည်။ဝက်များနှင့် ကြက်များကိုတစ်ပိုင်တစ်နိုင် မွေးမြူကြ သည်။ငါးကန်(၂)ကန်ရှိသော်လည်း စီးပွားဖြစ်မွေးမြူနိုင်မှုမရှိပေ။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	
ရေရရှိမှု	လုံလောက်မှုရှိသည်။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	ဒေသတွင်းဆက်သွယ်ရရှိနိုင်သည်။
ချေးငွေ	အနည်းငယ်ရရှိနိုင်သည်။
သွင်းအားစုဈေးကွက်	
ဝန်ဆောင်မှုဈေးကွက်	
ထုတ်ကုန်ရောင်းဝယ်မှု	ဈေးကွက်အလုံအလောက်ရှိသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	လုံလောက်မှုရှိသည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	-
သွင်းအားစု လက်လှမ်းမီမှု	-
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	-
ထုတ်ကုန်ရောင်းဝယ်မှု	-
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးအတွက် ရေလုံလောက်မှုရှိသည်။မျိုးကောင်းမျိုးသန့် မျိုးတိရိစ္ဆာန်များကိုဒေသအတွင်း ဆက်သွယ်ရရှိနိုင်သည်။မွေးမြူရေးအတွက် လိုအပ်သော သွင်းအားစုများကို ဒေသအတွင်း အလုံအလောက် ဝယ်ယူရရှိနိုင်သည်။တိမွေးကုဋီးစီးဌာနရှိပြီး နည်းပညာဝန်ဆောင်မှုရရှိနိုင်သည်။ဒေသတွင်းရောင်းချရန်ဈေးကွက် အလုံအလောက်ရှိသည်။မွေးမြူရန် အိမ်ခြံဝန်းအလုံအလောက်ရှိသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
ချေးငွေရရှိနိုင်မှု	အနည်းငယ်
ကူးစက်ရောဂါဖြစ်ပွားမှု	ရောဂါများကျရောက်လေ့ရှိသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	လုံလောက်မှုမရှိ
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	လိုင်စင်မရှိသဖြင့် သားသတ်လိုင်စင်၏ ခေါင်းပုံဖြတ်ခြင်းကိုခံကြရသည်။
အခြား	-
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	-
ချေးငွေရရှိနိုင်မှု	-
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

